Alliance for Gender Inclusion in the Peace Process

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံ ဒုတိယအစည်းအဝေးနှင့် ပတ်သက်၍ ငြိမ်းချမ်းရေးအတွက် ကျား - မ တန်းတူရေး မဟာမိတ်အဖွဲ့ (AGIPP) ၏ ဂျန်ဒါ (ကျား -မရေးရာ) ရှုထောင့်မှ ဆန်းစစ်ခြင်း စာတမ်း

၂၀၁၇ ခုနှစ်၊ မေလ (၂၉) ရက်

## နိဒါန်း

ရှေးဦးစွာ ၂၀၁၇ ခုနှစ် မေလ (၂၄) ရက်မှ (၂၉) ရက်နေ့အထိ (၆) ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဒုတိယအကြိမ်အစည်းအဝေးအား အောင်မြင်စွာ ကျင်းပနိုင်ခြင်းအတွက် မိမိတို့ AGIPP အဖွဲ့မှ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် AGIPP ၏ မိတ်ဖက်အဖွဲ့ဝင်များသည် သက်ဆိုင်ရာ မိခင်အဖွဲ့အစည်းကိုယ်စားပြုကာ ညီလာခံတက်ရောက်သူအနေဖြင့် (၁) ဦး၊ အကျိုးဆောင်အနေဖြင့် (၁) ဦး ပါဝင်ခွင့်ရပြီး CSO Forum မှ လေ့လာသူအနေဖြင့် AGIPP အဖွဲ့ဝင် (၂) ဦး၊ ပါတီအစုအဖွဲ့ နည်းပညာအထောက်အကူပြုအဖွဲ့ဝင်အဖြစ် (၁) ဦး စုစုပေါင်း (၅) ဦးတို့ ပါဝင်ခဲ့ကြပါသည်။ ကျန်သော မိတ်ဖက်အဖွဲ့ဝင်များမှလည်း နောက်တန်းမှ ပံ့ပိုးကူညီခြင်းဖြင့် ကျား၊မ ရေးရာ ရှုထောင့်မှ သုံးသပ်ချက်စာတမ်းအား ပြုစုခဲ့ကြခြင်း ဖြစ်ပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးအား ကျား၊မရေးရာ ရှုထောင့်မှ သုံးသပ်ချက်စာတမ်းအား အပိုင်း (၃) ပိုင်းခွဲကာ သုံးသပ်ထားပါသည်။

အပိုင်း (၁) ၂၀၁၇ ခုနှစ်၊ မေလ ၂၄ ရက် နေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးသို့ တင်သွင်းသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ သက်ဆိုင်ရာ ကဏ္ဍအလိုက်မူဝါဒအဆိုပြုလွှာများအား ကျား၊မ ရေးရာ ရှုထောင့်မှသုံးသပ်ခြင်းနှင့် အကြံပြုခြင်း။

အပိုင်း (၂) ၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက်နှင့် ၂၆ ရက်နေ့များတွင် သက်ဆိုင်ရာကဏ္ဍအလိုက် မူဝါဒ အဆိုပြုလွှာများအား အစုအဖွဲ့များ၏ စုပေါင်းဆွေးနွေးချက်များအပေါ် ကျား၊မ ရေးရာ ရှုထောင့်မှသုံးသပ်ခြင်း။
(မှတ်ချက် - အစုအဖွဲ့တစ်ခုချင်းစီ၏ သီးသန့်ဆွေးနွေးချက်များမပါဝင်ပါ)

အပိုင်း (၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် အမျိုးသမီးများပါဝင်မှု အခြေအနေ။

အပိုင်း (၄) ရှေ့ဆက်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အစည်းအဝေးများ၊ မူဝါဒများနှင့်ပတ်သက်ပြီး AGIPP ၏ ကျား၊မရေးရာရှုထောင့်မှ အကြံပြုချက်များ။

## အပိုင်း (၁) ၂၀၁၇ ခုနှစ်၊ မေလ (၂၄) ရက်နေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (၂၁) ရာစုပင်လုံ ဒုတိယ အစည်းအဝေးသို့ တင်သွင်းသည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ သက်ဆိုင်ရာ ကဏ္ဍအလိုက် မူဝါဒ အဆိုပြုလွှာများအား ကျား၊မ ရေးရာရှုထောင့်မှ သုံးသပ်ခြင်းနှင့် အကြံပြုခြင်း

### (၁.၁) နိုင်ငံရေးကဏ္ဍဆိုင်ရာ မူဝါဒအဆိုပြုလွှာအား ကျား၊မ ရေးရာရှု့ထောင့်မှ သုံးသပ်ခြင်းနှင့် အကြံပြုခြင်း

နိုင်ငံရေးကဏ္ဍဆိုင်ရာ မူဝါဒအဆိုပြုလွှာတွင် အပိုဒ် (၁) မှ (၁၀) နှင့် နိဂုံးပါရှိပါသည်။ အမှတ်စဉ်(၃) တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကိုရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှု တို့ကို အခြေခံပြီးဟူ၍ ဖော်ပြထားသည်ကိုတွေ့ပါသည်။ သို့ပါ၍ တန်းတူညီမျှမှုတွင် ကျား၊မ တန်းတူညီမျှမှုကိုပါ ထည့်သွင်းစဉ်းစားလိမ့်မည်ဟု ယူဆမိပါသည်။

ဖက်ဒရယ်စနစ်တွင် အခြေခံရမည့်မူများခေါင်းစဉ်အောက်ရှိ အပိုဒ်(၆) တန်းတူရေးအဆိုပြုလွှာ (က) တွင် တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူရည်တူအခွင့်အရေး ရှိရမည်ဟု ဖော်ပြထားရာတွင် ကျား၊ မ တန်းတူအခွင့်အရေးမပါနေသည်ကိုသုံးသပ် တွေ့ရှိရသည်။ ယင်း အပိုဒ်နောက်ဆက်တွဲတွင် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းကာကွယ်မြှင့်တင်ခွင့်ရှိရမည်ဟု ဖော်ပြထားပါသည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားများ၏ အချို့သော ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ ရိုးရာယဉ်ကျေးမှုများ (ဥပမာ - သမီးမိန်းကလေးကို အမွေမပေးခြင်း၊ အသက် (၁၈) နှစ်အောက် သမီးမိန်းကလေးများကို ငယ်စဉ်ကပင်စေစပ်စီးစွာအိမ်ထောင်ပြုပေးခြင်း၊ သားယောကျ်ား လေးမမွေးပါက နောက်အိမ်ထောင်ပြုနိုင်ရန်ခွင့်ပြုထားခြင်း စသဖြင့်) သည် လူ့အခွင့်အရေး၊ အမျိုးသမီး အခွင့်အရေးများကို ထိခိုက်မှုရှိနေပါသောကြောင့် လူ့အခွင့်အရေးနှင့် ကျား၊ မ တန်းတူညီမျှရေးကို ထိခိုက်မှု မရှိစေသော ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းကာကွယ်မြှင့်တင်ခွင့်ရှိရမည်ဟု ဖော်ပြပါကပိုမိုပြည့်စုံမှုရှိမည်ဟု အကြံပြုအပ်ပါသည်။

အပိုဒ်(၆) တန်းတူရေးအဆိုပြုလွှာ(ဆ)တွင် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ရေးဆွဲပြဌာန်းခွင့် ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင်ဥပဒေများတွင် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကျော်လွန်ဆန့်ကျင် စေခြင်းမရှိစေဘဲ ရေးသားပြဌာန်းခွင့် ရှိစေရမည်ဟု ပါရှိပါသည်။

စီဒေါကော်မတီ (အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးကော်မတီ) ၏ မြန်မာနိုင်ငံ၏ စတုတ္ထနှင့် ပဉ္စမအကြိမ်ပူးတွဲအစီရင်ခံစာအပေါ် အကြံပြုသုံးသပ်ချက်များ အပိုဒ် (၈) တွင် ကော်မတီသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စစ်မှန်သော တန်းတူညီမှုအတွက် ထိရောက်သောအာမခံချက်ပေးမှု

တစ်စုံတစ်ရာမပါဝင်သည်ကို စိုးရိမ်ပူပန်ဆဲဖြစ်နေကြောင်း ဖော်ပြထားပါသည်။ အကြံပြုချက် အပိုဒ် (၁၁) တွင် အမျိုးသမီးများအား ၄င်းတို့၏ ဘဝတစ်လျှောက်လုံးတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ခွဲခြား ဆက်ဆံမှုမျိုးမှ အကာအကွယ်ပေးနိုင်ရန်အတွက် နိုင်ငံတော်အဆင့် ဥပဒေများရေးဆွဲရာတွင် အမျိုးသမီးများ အပေါ်ခွဲခြားဆက်ဆံမှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို စီဒေါစာချုပ်ပါအပိုဒ်(၁)နှင့်အညီ ပြည့်စုံစွာ အမြန်ဆုံး ထည့်သွင်းရေးဆွဲသင့်ကြောင်း အကြံပြုထားပါသဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ရေးဆွဲပြဋ္ဌာန်းခွင့် ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများတွင် စီဒေါကော်မတီ၏ အကြံပြုသုံးသပ်ချက်များကို ထည့်သွင်းစဉ်းစားသင့်ပါကြောင်း လေးနက်စွာ တိုက်တွန်းအပ်ပါသည်။

အပိုဒ် (၁၀) ဆက်လက်ဆွေးနွေးရမည့်ခေါင်းစဉ်များ (ခ) တွင် ဒီမိုကရေစီအခွင့်အရေး၊ အခြေခံ လူ့အခွင့် အရေးနှင့် ကျား/ မ ဆိုင်ရာ တန်းတူညီမျှမှုကို ထည့်သွင်းဖော်ပြထားသည့်အတွက် လေးစား ဂုဏ်ယူ ပါကြောင်း ဖော်ပြလိုပါသည်။ ထိုအချက်ကို အမှန်တကယ် ဆက်လက်ဆွေးနွေးမှုရှိစေရန် အလေးပေး ဆောင်ရွက်နိုင်မည့်မူများကို ချမှတ်ပေးစေလိုပါကြောင်း AGIPP မှ အကြံပြု တိုက်တွန်း အပ်ပါသည်။

## (၁.၂) လူမှုရေးကဏ္ဍဆိုင်ရာမူဝါဒအဆိုပြုလွှာအား ကျား၊မ ရေးရာရှုထောင့်မှ သုံးသပ်ခြင်းနှင့် အကြံပြုခြင်း

လူမှုရေးကဏ္ဍဆိုင်ရာမူဝါဒအဆိုပြုလွှာတွင် နိဒါန်း၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး၊ လူမှု ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် နိဂုံးအပိုဒ်များ ပါရှိပါသည်။

ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး၊ လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ အပိုဒ် (၁) တွင် ဒုက္ခ သည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများ၏ အရေးကိစ္စများအား နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာကို လေးစားလိုက်နာရန်မှုကို ထည့်သွင်းဖော်ပြထားသည့်အတွက် ဝမ်းမြောက် ဂုဏ်ယူပါသည်။

အပိုဒ် (၃)တွင်မူ အမျိုးသမီးများအား ထိခိုက်ခံစားရသူများအဖြစ်သာ ရှုမြင်သုံးသပ်ထားသည်ကို တွေ့ရှိရပါ သည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေရမှုဆိုင်ရာ လမ်းညွှန်အခြေခံမူများ (Guiding Principles On Internal Displacement, United Nations) တွင်ပါရှိသော အခြေခံမူ (၂၈)အရ ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေရသူများအား ယင်းတို့၏ ဌာနေပြန်ခြင်း၊ ပြန်လည်နေရာချထားပေးခြင်း နှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းတို့အတွက် အစီအစဉ်များရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့တွင် ၎င်းတို့ ကိုယ်တိုင် အပြည့်အဝပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းရှိမှု သေချာစေရန်အတွက် အထူးအားထုတ်မှုများကို ပြုလုပ်ရမည်ဟုပါရှိသည်နှင့်အညီ အမျိုးသမီးများအား ထိခိုက်ခံစားနေရသည့် သူများအဖြစ်သာ ရှုမြင်ခြင်း ထက် ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး၊ လူမှုဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များတွင် အမျိုးသမီး များ၏ စွမ်းဆောင်နိုင်ရည်နှင့် ပါဝင်စီမံခန့်ခွဲမှုကိုအား အလေးပေးသည့်ရှုမြင်မှုကိုလည်း ထည့်သွင်းစဉ်းစား သင့်ကြောင်း အကြံပြုအပ်ပါသည်။

အပိုဒ် (၄) မူးယစ်ဆေးဝါးဆိုင်ရာ ကိစ္စရပ်များကို အမျိုးသားရေးပြဿနာ၊ နိုင်ငံရေးပြဿနာအဖြစ်ရှုမြင်၍ ထိရောက်စွာ တားဆီးကာကွယ်တိုက်ဖျက်နိုင်ရေးအမျိုးသားတာဝန်တစ်ရပ်အဖြစ် စီမံချက်ချမှတ် ဆောင် ရွက်ရန်ဟု ဖော်ပြထားပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကော်စီ၏ဆုံးဖြတ်ချက်အမှတ် (၁၃၂၅) နှင့် (၁၈၂၀) တို့တွင်လည်း ပဋိပက္ခ ဖြစ်ပွားစဉ်နှင့် ပဋိပက္ခအလွန်ကာလများတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများအား ထိရောက်စွာ တားဆီးကာကွယ်ပေးမှုများ ပြုလုပ်ပေးနိုင်ရန် တိုက်တွန်းထားသည်နှင့်အညီ ပြန်လည်ထူထောင်ရေးကာလ တွင် တွေ့ကြုံနိုင်သည့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများနှင့် ပတ်သက်ပြီး အမျိုးသားရေး ပြဿနာတစ်ရပ်ကဲ့သို့ ရှုမြင်ပြီး အမျိုးသမီးများအပေါ်အကြမ်းဖက်မှုအား တားဆီးကာကွယ်၊ လျှော့ချနိုင်ရေး

ကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် စီမံချက်ချမှတ်ဆောင်ရွက်ရေးမူဝါဒကိုလည်း ထည့်သွင်းဆွေးနွေးပါရန် လေးနက်စွာတိုက်တွန်းအကြံပြုအပ်ပါသည်။

## (၁.၃) စီးပွားရေးကဏ္ဍဆိုင်ရာမူဝါဒအဆိုပြုလွှာအား ကျား၊မ ရေးရာရှုထောင့်မှ သုံးသပ်ခြင်းနှင့် အကြံပြုခြင်း

စီးပွားရေးကဏ္ဍဆိုင်ရာ မူဝါဒအဆိုပြုလွှာတွင် နိဒါန်း၊ ဖယ်ဒရယ်စနစ်ဆိုင်ရာ အခြေခံမူများ အဆိုပြုချက်၊ ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမူများ၊ နိဂုံးချုပ် တို့ပါဝင်ပါသည်။

စီးပွားရေးကဏ္ဍဆိုင်ရာမူဝါဒအဆိုပြုလွှာတွင် ကျား၊မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများအတွက် ထည့်သွင်းစဉ်းစားထားသော မူဝါဒများမပါရှိသည်ကို သုံးသပ်တွေ့ရှိရပါသည်။

ဖယ်ဒရယ်စနစ်ဆိုင်ရာ အခြေခံမူများ အဆိုပြုချက်၊ အပိုဒ် (၁) ဈေးကွက်စီးပွားစနစ်ကို ပီပြင်စွာ ဖော်ဆောင်ရေး အပိုဒ်ခွဲ (ခ) တွင် ဖော်ပြထားသော မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ပုဂ္ဂလိကကဏ္ဍကို မြှင့်တင်ဖော်ဆောင်ရာတွင် ဦးတည်ဆောင်ရွက်ရမည့်အချက်များတွင် ကျား၊မ တန်းတူညီမျှရေးကိုလည်း ထည့်သွင်းနိုင်မည်ဆိုပါက ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ Sustainable Development Goal ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးရေးပန်းတိုင် အမှတ်(၅)တွင် အမျိုးသမီးများအား စီးပွားရေးအရင်းမြစ်များအား လက်လှမ်းမှီစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခြင်း မူဝါဒများချမှတ်ပေးခြင်းသည် နိုင်ငံတော်၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးအားအထောက်အကူပြုသည်ဟု ပါရှိသည့်အတွက် အပိုဒ်ခွဲ(ခ)တွင် ကျား၊မ တန်းတူညီမျှရေးကိုလည်း ထည့်သွင်းသင့်ပါကြောင်း အကြံပြု တိုက်တွန်းအပ်ပါသည်။

အပိုဒ် (၂) စီးပွားရေးလက်ဝါးကြီးအုပ်မှုများ မဖြစ်ပေါ်စေရေးတာဆီးကာကွယ်ရန်ဟူသောအပိုဒ်တွင် လက်ဝါးကြီးအုပ် ဆောင်ရွက်မှုများတွင် စီးပွားရေးလုပ်ငန်းခွင်အတွင်း အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခေါင်းပုံဖြတ်၊ အမြတ်ထုတ်မှုများကို တားဆီးကာကွယ်ပေးသည့်မူဝါဒများကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း ကျား၊ မ ရေးရာရှုထောင့်မှ အကြံပြုတိုက်တွန်းအပ်ပါသည်။

အပိုဒ် (၆) နိုင်ငံတော်၏ရေတို၊ ရေလတ်၊ ရေရှည် စီးပွားရေးစီမံကန်းများကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် ချမှတ်ဆောင်ရွက်နိုင်ရန်ဟူ၍သာ ယေဘုယျသဘောအနေဖြင့်ပါရှိပြီး ထိုသို့ပြုလုပ်ရာတွင် ပြည်သူလူထု၏ အမြင်သဘောထားများ အထူးသဖြင့် အမျိုးသမီးများ၏ အသံနှင့် အမြင်သဘောထားများကို လေးစားမှုရှိရန် မူဝါဒများကိုပါ ထပ်မံဖြည့်စွက်ရန် လိုအပ်ကြောင်း သုံးသပ်ကာအကြံပြုအပ်ပါသည်။

ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာအခြေခံမူများ၏ အပိုဒ် (၁) ဒေသဖွံ့ဖြိုးမှုစီမံကိန်းများရေးဆွဲရန်ဟူ၍ ပါရှိပါသည်။ ထိုစီမံကိန်းများ ရေးဆွဲရာတွင် ကျား၊မ လိုအပ်ချက် ဆန်းစစ်မှုစစ်တမ်းများ (Gender Need Assessment) မဖြစ်မနေလုပ်ဆောင်ရမည့် မူဝါဒကို ထည့်သွင်းဖို့လိုအပ်ကြောင်း အကြံပြုအပ်ပါသည်။

အပိုဒ် (၂) ပြည်တွင်းနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဝင်ရောက်လာရေးအတွက် ဥပဒေများနှင့်အညီ ဆီလျော်သင့်မြတ်သည့် ဆွဲဆောင်မှုအစီအစဉ်များချမှတ်ရန်ဟု ပါရှိပါသည်။ ထိုအစီအစဉ်များတွင် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများကို တားဆီးကာကွယ်ပေးသည့် မူဝါဒများကိုလည်း ထည့်သွင်းစဉ်းစားရန်နှင့် အမျိုးသမီးများအတွက် လုံခြုံစိတ်ချရသော လုပ်ငန်းခွင်များ ဖြစ်လာစေရေးအတွက် မူဝါဒချမှတ်ဆောင်ရွက်ရန်ကိုလည်း မရှိမဖြစ် ထည့်သွင်းရန်လိုအပ်ကြောင်း တိုက်တွန်းအကြံပြုအပ်ပါသည်။

## (၁.၄) လုံခြုံရေးကဏ္ဍဆိုင်ရာမူဝါဒအဆိုပြုလွှာအား ကျား၊မ ရေးရာရှုထောင့်မှ သုံးသပ်ခြင်းနှင့် အကြံပြုခြင်း

လုံခြုံရေးကဏ္ဍဆိုင်ရာ မူဝါဒအကြံပြုလွှာတွင် အပိုဒ်(၄)ပိုဒ် ပါရှိပြီး နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ ခေါင်းစဉ်နှင့် (က) အမျိုးသားအကျိုးစီးပွား (ခ) အမျိုးသားရေးရည်မှန်းချက် (ဂ) အမျိုးသားရေးမူဝါဒ (ဃ) အမျိုးသားကာကွယ်ရေးမူဝါဒ (င) အမျိုးသားကာကွယ်ရေးမဟာဗျူဟာ စသည့်ခေါင်းစဉ် (၅)ခုပါဝင် ပါသည်။ ယခုညီလာခံတွင် "တစ်ခုတည်းသောတပ်မတော်ထားရှိရေး မူဝါဒ" အား ဆွေးနွေးသွားမည်ဟုသာ ဖော်ပြထားပါသည်။ လုံခြုံရေးကဏ္ဍဆိုင်ရာ မူဝါဒအကြံပြုလွှာတွင် ကျား၊မတန်းတူညီမျှရေး၊ အမျိုးသမီး အရေးကိစ္စများ ထည့်သွင်းဖော်ပြထားခြင်း လုံးဝမရှိပါ။

သို့ပါ၍ နောင်တွင်ဆွေးနွေးမည့် လုံခြုံရေးကဏ္ဍဆိုင်ရာမူဝါဒများတွင် အပြည်ပြည်ဆိုင်ရာစံနှုန်းများ၊ လူ့အခွင့်အရေးစံနှုန်းများနှင့် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂ၏ လုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက်အမှတ်များအား ထည့်သွင်းစဉ်းစားဆွေးနွေးပါရန် အလေးအနက် အကြံပြုအပ်ပါသည်။

## (၁.၅) မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ မူဝါဒအဆိုပြုလွှာအား ကျား၊မ ရေးရာရှုထောင့်မှ သုံးသပ်ခြင်းနှင့် အကြံပြုခြင်း

မြေယာသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာမူဝါဒအဆိုပြုလွှာတွင် နိဒါန်း၊ ဖက်ဒရယ်စနစ်ကို အခြေခံသော မြေယာမူဝါဒ၏ အခြေခံမူ(၆)ရပ်၊ (က) ပိုင်ဆိုင်ခွင့်၊ (ခ) စီမံခန့်ခွဲခွင့်၊ (ဂ) အကာအကွယ်ပြုရေးဆိုင်ရာ အစီအမံများနှင့် နိဂုံး တို့ပါရှိပါသည်။

ဖက်ဒရယ်စနစ်ကိုအခြေခံသော မြေယာမူဝါဒ၏အခြေခံမူ (၆) ချက်၏ အမှတ်စဉ် (၄) မြေယာမူဝါဒရေးဆွဲရာတွင် လူ့အခွင့်အရေးစံနှုန်းများ၊ နိုင်ငံတကာစံနှုန်းများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စံနှုန်းများကို ထည့်သွင်းရေးဆွဲရန် ဟူသောအချက်ပါရှိသည့်အတွက် လူ့အခွင့်အရေးကို လေးစားလိုက်နာမှုရှိပြီး ကျား၊မ တန်းတူညီမျှမှုရှိသော စံနှုန်းများနှင့် ပြည့်ဝသည့် မြေယာမူဝါဒကို ရေးဆွဲချမှတ်နိုင်လိမ့်မည်ဟု မိမိတို့ မဟာမိတ်အဖွဲ့မှ ယုံကြည်မျှော်လင့်ပါသည်။

အမှတ်စဉ် (၅) မြေယာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုနှင့် ရှင်းလင်းသည့် မူဝါဒများဖြစ်စေရန် ဆိုသော အခြေခံမူကိုရှင်းလင်းတင်ပြချက်တွင် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ပြည်သူလူထုအား သိရှိအောင်ရှင်းလင်းတင်ပြပေးရမည်ဟူ၍ ပါရှိပါသည်။ ထိုသို့သတင်းအချက်အလက်များကို မျှဝေသည့်စနစ်တွင် တိုင်းရင်းသားဒေသရှိအမျိုးသမီးများ အတန်းပညာနည်းပါးသူနှင့် စာမတတ်သူတောင်သူအမျိုးသမီးများထံ အရောက်ပို့နိုင်မည့် အမျိုးသမီးများအလွယ်တကူနားလည် သဘောပေါက်စေနိုင်မည့်နည်းလမ်းများကို အသုံးပြုရမည့်မူနှင့် နည်းလမ်းများ (ဥပမာ- တိုင်းရင်းသား ဘာသာစကား၊ ရိုးရှင်းသော အချက်အလက်၊ နည်းပညာ ရှုပ်ထွေးပါက ရုပ်ပုံများဖြင့်အလွယ်တကူနားလည်အောင်ဖော်ပြခြင်း စသဖြင့်) ကိုပါ ထည့်သွင်းစဉ်းစားသင့်ကြောင်း အကြံပြုအပ်ပါသည်။

အမှတ်စဉ် (၆) လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် ဒေသခံများ၏လိုလားချက်များကို ဦးစားပေး၍ တောင်သူလယ်သမားများ၏ အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ဟူသော အချက်များကို ထည့်သွင်းဖော်ပြထားခြင်းအား အသိအမှတ်ပြု ကြိုဆိုပါသည်။

ပိုမိုပြည့်စုံမှုရှိစေရန် အမှတ်စဉ် (၆) တွင် ဒေသခံအမျိုးသမီးနှင့် အမျိုးသားများ၏ လိုလားချက်၊ အမျိုးသမီး နှင့် အမျိုးသား တောင်သူလယ်သမားဟူ၍ ထပ်မံဖြည့်စွက်ပေးနိုင်ပါက ကျား၊မ ရေးရာကို အလေးပေးသော အခြေခံမူဝါဒဟု သတ်မှတ်နိုင်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ရပ်ရွာဖွံ့ဖြိုးရေးကော်စရပ်ဖြစ်စေ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကော်စရပ်များကိုဖြစ်စေ အကြံပြုချက်များကိုတောင်းခံရာတွင် ရိုးရာဓလေ့ ထုံးတမ်းအစဉ်လာအရ အမျိုးသားများကိုသာ ဦးတည်ဆွေးနွေးလေ့ရှိကြသည်။ ၎င်းအပြင် မြန်မာနိုင်ငံတွင် တောင်သူလယ်သမားဟုဆိုလျှင် အမျိုးသားများသာဖြစ်ကြသည်ဟူသည့် သတ်မှတ်ထားသည့် တရားသေအစွဲများအား ဖြေဖျောက်ပေးမှသာလျှင် အမျိုးသမီးတောင်သူလယ်သမားများအတွက်လည်း ထည့်သွင်းစဉ်းစားပေးမှုနှင့် တန်းတူအခွင့်အရေးရမှုတို့ကို လုပ်ဆောင်ပေးလာနိုင်မည့်ဖြစ်ပါသည်။

၇။ (က) ပိုင်ဆိုင်ခွင့်

(က-၁) နိုင်ငံသားတိုင်းသည် မြေယာဥပဒေနှင့်အညီ မြေယာပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့် ရှိသည်။ အမျိုးသမီးနှင့် အမျိုးသား တန်းတူညီမျှမှုရှိရမည်။

(ခ) စီမံခန့်ခွဲခွင့်

(ခ-၁) မြေယာပိုင်ဆိုင်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုပြုရာတွင် အမျိုးသမီးနှင့် အမျိုးသား အခွင့်အရေး တန်းတူညီမျှမှု ရှိစေရန် ဟုဖော်ပြထားသည့်အတွက် လွန်စွာအားရဝမ်းမြောက်မိပါသည်။ ထိုအချက်အား ဆက်လက်ဆွေးနွေးရာတွင် အမှန်တကယ်အကောင်ထည်ဖော် လုပ်ဆောင်နိုင်ရန်အတွက် မူများ သေချာစွာ ချမှတ်ပေးသင့်ကြောင်း တိုက်တွန်းလိုပါသည်။

## (၁.၆) သက်ဆိုင်ရာ ကဏ္ဍအလိုက် မူဝါဒအဆိုပြုလွှာများအား ကျား၊ မ ရေးရာရှုထောင့်မှ သုံးသပ်ခြင်းနှင့်အကြံပြုခြင်းအနစ်ချုပ်

အချုပ်အားဖြင့်သုံးသပ်ရပါလျှင် ကျား၊မရေးရာရှုထောင့်ကို ထည့်သွင်းစဉ်းစားထားခြင်းရှိသော မူဝါဒအဆိုပြုလွှာမှာ မြေယာ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ မူဝါဒအဆိုပြုလွှာဖြစ်ပြီး လူမှုရေးကဏ္ဍဆိုင်ရာ မူဝါဒအဆိုပြုလွှာတွင်မူ အမျိုးသမီးအရေးကို ထည့်သွင်းစဉ်းစားထားခြင်းရှိသော်လည်း အမျိုးသမီးများအား ရှုမြင်ပုံသည် ဒုက္ခသည်၊ ထိခိုက်ခံစားလွယ်သူများအဖြစ်သာ ရှုမြင်ခြင်းမဟုတ်ပဲ လူမှုရေးဆိုင်ရာအခန်းကဏ္ဍများတွင် ပါဝင်ကာ ကောင်းကျိုးပြုဆုံးဖြတ်နိုင်သော စွမ်းဆောင်ရည်ရှိသူများအဖြစ် ရှုမြင်မည်ဆိုပါက ပိုမိုပြည့်စုံသော မူဝါဒများကို အဆိုပြုနိုင်မည် ဖြစ်ပါသည်။

နိုင်ငံရေးကဏ္ဍဆိုင်ရာမူဝါဒအဆိုပြုလွှာတွင် လူ့အခွင့်အရေးနှင့် ကျား၊မတန်းတူညီမျှမှုကို ထိခိုက်မှုမရှိစေသည့် ဓလေ့ထုံးတမ်းများကိုသာ ထိန်းသိမ်းစောင့်ရှောက်ရန်ဆိုသည့်အချက်ကို မဖြစ်မနေ ထည့်သွင်းစဉ်းစားရန်လိုအပ်နေပြီး ကျား၊မတန်းတူညီမျှမှုဆိုင်ရာအချက်အလက်များကို အမှန်တကယ် ဆက်လက်ဆွေးနွေးမှုပြုနိုင်စေရန် တွန်းအားပေးရန်လိုအပ်ပါသည်။

စီးပွားရေးကဏ္ဍဆိုင်ရာ မူဝါဒအဆိုပြုလွှာနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာ မူဝါဒအဆိုပြုလွှာများတွင်မူ ကျား၊မရေးရာရှုထောင့်မှ ထည့်သွင်းစဉ်းစားထားခြင်းမရှိသည်ကို သုံးသပ်တွေ့ရှိရပါသည်။

နောင်လာမည့် မူဂါဒအဆိုပြုလွှာများကို ပြုစုရာတွင် ကျား၊မရေးရာရှုထောင့်မှထည့်သွင်းစဉ်းစားနိုင်ပါက နိုင်ငံတော်အတွက် ပိုမိုကောင်းမွန်သည့် လူ့အခွင့်အရေးကိုလေးစားလိုက်နာပြီး နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့် မူဂါဒများကို အဆိုပြုနိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ နောင်တွင် မူဂါဒအဆိုပြုလွှာများကို ပြင်ဆင်ရာတွင် ကျား၊မရေးရာကျွမ်းကျင်သူများနှင့် ဆွေးနွေးတိုင်ပင်ကာ ကျား၊မ ရေးရာရှုထောင့်မှ ထည့်သွင်းရေးဆွဲပါရန် လေးနက်စွာတိုက်တွန်း အကြံပြုအပ်ပါသည်။

## အပိုင်း (၂) ၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက်နှင့် ၂၆ ရက်နေ့များတွင် သက်ဆိုင်ရာကဏ္ဍအလိုက် မူဂါဒအဆိုပြုလွှာများအား အစုအဖွဲ့များ၏ စုပေါင်းဆွေးနွေးချက်များအပေါ် ကျား၊မ ရေးရာ ရှုထောင့်မှ သုံးသပ်ခြင်း။ (မှတ်ချက် - အစုအဖွဲ့တစ်ခုချင်းစီ၏ သီးသန့်ဆွေးနွေးချက်များ မပါဝင်ပါ။)

ဤအပိုင်းတွင် သက်ဆိုင်ရာကဏ္ဍအလိုက် မူဂါဒအဆိုပြုလွှာများအား အစုအဖွဲ့များမှစုပေါင်းကာ ဆွေးနွေးချက်များအပေါ်တွင်သာ လေ့လာသူများထံမှ မှတ်တမ်းများအရ ကျား၊မ ရေးရာရှုထောင့်မှ သုံးသပ်ထားခြင်းဖြစ်ပြီး မူဂါဒအဆိုပြုလွှာများအား အစုအဖွဲ့တစ်ခုချင်းစီမှ သီးသန့်ဆွေးနွေးချက်များအား သုံးသပ်ထားခြင်းမရှိပါ။

### (၂.၁) နိုင်ငံရေးကဏ္ဍ

နိုင်ငံရေးကဏ္ဍတွင် ဖက်ဒရယ်စနစ်တွင် အခြေခံရမည့်မူများနှင့် မူဂါဒအဆိုပြုလွှာပါအခြားမူများ ဖြစ်သော တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဖက်ဒရယ်ပြည်ထောင်စုမူ (ဖွဲ့စည်းမှုနှင့် အာဏာခွဲဝေမှု) များကိုသာ အဓိကဆွေးနွေးကြပြီး ဆက်လက်ဆွေးနွေးမည့်ခေါင်းစဉ်များတွင်ပါသော (ခ) ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျား/ မ ဆိုင်ရာ တန်းတူညီမျှမှုအား ထည့်သွင်းဆွေးနွေးခြင်းမရှိပါ။

နိုင်ငံရေးကဏ္ဍဆွေးနွေးသူများ၏ ဆွေးနွေးချက်များတွင် ကျား၊မတန်းတူညီမျှရေးနှင့်ပတ်သက်သော ဆွေးနွေးချက်များအား ထည့်သွင်းဆွေးနွေးသွားခြင်းမရှိသည်ကို သုံးသပ်တွေ့ရှိရပါသည်။ သို့ပါ၍ နိုင်ငံရေးဆွေးနွေးပွဲနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင်ပါဝင်နေကြသော အလွှာအသီးသီး၊ အစုအဖွဲ့အသီးသီးမှ သူများအား နိုင်ငံရေးကဏ္ဍတွင် အမျိုးသမီးများ၏အခန်းကဏ္ဍ၊ အမျိုးသမီးများ၏နိုင်ငံရေးအခွင့်အရေးတို့အား ပိုမိုအကျွမ်းဝင်မှုရှိလာစေရန် များစွာလုပ်ဆောင်ရန်လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

### (၂.၂) လူမှုရေးကဏ္ဍ

လူမှုရေးကဏ္ဍတွင်အစုအဖွဲ့အသီးသီးမှ ပါဝင်ဆွေးနွေးသူများသည် အမျိုးသမီးများ၏ထိခိုက်ခံစားရမှုများ၊ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများ၊ အမျိုးသမီးများ၏ပါဝင်မှု၊ အမျိုးသမီးများနှင့် အခွင့်အရေးနှင့် အပြည်ပြည်ဆိုင်ရာစံနှုန်းများအကြောင်းကို မီးမောင်းထိုးကာ ဆွေးနွေးသွားကြကြောင်း သုံးသပ်တွေ့ရှိသည်။ အမျိုးသမီးများအရေးကို တက်ကြွစွာဖြင့်အလေးပေးဆွေးနွေးသွားသူများမှာ အစုအဖွဲ့အသီးသီးမှ အမျိုးသမီးအများစု ဖြစ်ကြကြောင်းကိုလည်း သုံးသပ်တွေ့ရှိရပါသည်။

ပြန်လည်နေရာထားချရေး၊ ပြန်လည်ထူထောင်ရေး၊ လူမှုဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များခေါင်းစဉ်အောက်ရှိ အခြေခံမူ (၁) ကို အမျိုးသားကိုယ်စားလှယ်တစ်ဦးမှ ဆွေးနွေးရာ၌ အမျိုးသမီးများနှင့်ကလေးများ လူကုန်ကူးခံရမှုနှင့် ထိခိုက်ခံစားရမှုအခြေအနေများကို ဆောင်ရွက်ရာတွင် နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံနှုန်းများကို လေးစားရန် လိုအပ်သော်လည်း ပြည်တွင်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်သည့်အတွက် အခြေခံမူတွင် 'တည်ဆဲဥပဒေအရ' ဟူသော စကားရပ်ကို ထည့်သွင်းစဉ်းစားပေးပါရန်ဟု တင်ပြသောကြောင့် အမျိုးသမီးအရေးကို အဆိုပြုတင်ပြသည်ဟု ရှုမြင်ရသော်လည်း တဘက်တွင် အမျိုးသမီးအရေးကို ထည့်သွင်းတင်ပြရင်း အမှန်တကယ် ထပ်မံဖြည့်စွက်လိုသည်မှာ 'တည်ဆဲဥပဒေအရ' ဟူသော စကားရပ်ကို ပိုမိုဖောင်းပေးလိုသည်ဟု သုံးသပ်ရပါသည်။

ညီလာခံတက်ရောက်သူ အမျိုးသမီးတစ်ဦးမှလည်း အမျိုးသမီးများ၏ပါဝင်မှုကို ထည့်သွင်းစဉ်းစားစေလိုကြောင်း ထည့်သွင်းဆွေးနွေးခဲ့ပါသည်။

အခြေခံမူ(၃) သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များကို လူမျိုးရေး၊ ဘာသာရေး၊ ဆင်းရဲ ချမ်းသာ စသည်ဖြင့် ခွဲခြားမှုမရှိဘဲ ထိရောက်စွာ ကာကွယ်စောင့်ရှောက်ရန်နှင့် လူမှုဘဝများကို မြှင့်တင်ဆောင်ရွက်ရန်တွင်မူ အမျိုးသမီးများအရေးကို အများဆုံး ထည့်သွင်းဆွေးနွေးသွားပြီး တင်ပြဆွေးနွေးသူများမှာ အမျိုးသမီးများသာဖြစ်ကြသည်ကို သုံးသပ်တွေ့ရှိရပါသည်။ ဆွေးနွေးချက်များမှာ

- အမျိုးသမီးများအား အကြမ်းဖက်မှုကို ကျူးလွန်သူများကို ထိရောက်စွာပြစ်ဒဏ်ပေးရန်။
- ကိုယ်ဝန်ဆောင်နှင့် မိခင်များကိုပါထည့်သွင်းဖော်ပြရန်။
- အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးသဘောတူညီချက်စာချုပ် (စီဒေါစာချုပ်) နှင့်အညီ အမျိုးသမီးများအား ခွဲခြားမှုမရှိဘဲထိရောက်စွာကာကွယ်စောင့်ရှောက်ရန်။
- အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ကာကွယ်တားဆီးရေးဥပဒေမူကြမ်းအား ဥပဒေအဖြစ် ပေါ်ထွက်လာရေး။
- အမျိုးသမီးများတွင် သီးခြားလိုအပ်ချက်ရှိသောကြောင့် အမျိုးသမီးများ၏ပါဝင်မှုကို အလေးပေး ဆောင်ရွက်ရေး။
- အမျိုးသမီးများ၏အခွင့်အရေးသည် လေးစားခံရမှုမရှိနေခြင်း၊ အမျိုးသမီးများအတွက် လုံလောက်သော ကာကွယ်မှုမရှိနေခြင်းတို့ကြောင့် အမျိုးသမီးအရေးအား သီးသန့်ထည့်ပေးရန်လိုအပ်ကြောင်း ဆွေးနွေးကြပါသည်။

အခြေခံမူ (၄) မူးယစ်ဆေးဝါးဆိုင်ရာ ကိစ္စရပ်များကို အမျိုးသားပြဿနာ၊ နိုင်ငံရေးပြဿနာအဖြစ် ရှုမြင်၍ ထိရောက်စွာ တားဆီးကာကွယ်တိုက်ဖျက်ရေး၊ အမျိုးသားတာဝန်အဖြစ် စီမံချက်ချမှတ် ဆောင်ရွက်ရေး ဟူသောအချက်ကို ဆွေးနွေးရာတွင်လည်း အမျိုးသမီးများသည် မူးယစ်ဆေးဝါးပြဿနာကြောင့် ထိခိုက်ခံစားရမှုများ၊ မူးယစ်ဆေးကြောင့် နောက်ဆက်တွဲဆိုးကျိုးများကို ထည့်သွင်းဆွေးနွေးသွားကြောင်း သုံးသပ်တွေ့ရှိရပါသည်။

လူမှုရေးကဏ္ဍအား အမျိုးသမီးများနှင့်သက်ဆိုင်သောကဏ္ဍအဖြစ် ကျား၊မ တရားသေအစွဲဖြင့် ရှုမြင်ပုံများကိုလည်း သုံးသပ်တွေ့ရှိရပြီး အမျိုးသမီးများ၏အရေးအား လူသားထုတစ်ရပ်လုံး၏အရေးဟု ရှုမြင်ရမည့်အစား အမျိုးသမီးများ၏အရေးသည် အမျိုးသမီးများနှင့်သာလျှင်သက်ဆိုင်သည်ဟူသော ရှုမြင်မှုများကိုလည်း ပြောင်းလဲပေးရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

## (၂.၃) စီးပွားရေးကဏ္ဍ

စီးပွားရေးကဏ္ဍဆိုင်ရာမူဝါဒအဆိုပြုလွှာတွင် ကျား၊ မ ရေးရာရှုထောင့်မှ ထည့်သွင်းထားခြင်းမရှိသည့်အပြင် စီးပွားရေးကဏ္ဍတွင် ပါဝင်ဆွေးနွေးကြသော အစုအဖွဲ့အသီးသီးမှ ဆွေးနွေးသူများသည်လည်း မူဝါဒများကိုသာ ဦးတည်ဆွေးနွေးကြပြီး ကျား၊မ ရေးရာနှင့် အမျိုးသမီးအရေးများကို ထည့်သွင်းဆွေးနွေးသွားခြင်း လုံးဝမရှိသည်ကို သုံးသပ်တွေ့ရှိရပါသည်။

သို့ပါ၍ အမျိုးသမီးနှင့် စီးပွားရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍဆိုင်ရာမူဝါဒများကြောင့် အမျိုးသမီးများ၏ ထိခိုက်နစ်နာမှုများ၊ အမျိုးသမီးများ၏ စီးပွားရေးတွင် ပါဝင်နိုင်မှု၊ အမျိုးသမီးများနှင့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများအကြောင်း ပိုမိုနားလည်သိရှိလာစေရန်နှင့် စီးပွားရေးကဏ္ဍတွင်လည်း ကျား၊မ ရေးရာရှုထောင့်မှ ထည့်သွင်းဆွေးနွေးမှုရှိလာစေရန် လုပ်ဆောင်ရန်လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

## (၂.၄) လုံခြုံရေးကဏ္ဍ

လုံခြုံရေးကဏ္ဍတွင် တစ်ခုတည်းသော တပ်မတော်ထားရှိရေးနှင့်ပတ်သက်ပြီး မူသဘောဆောင်သည့် ကိစ္စရပ်များနှင့် တပ်ပိုင်းဆိုင်ရာ ဖွဲ့စည်းပုံနှင့် တစ်နိုင်ငံလုံးဆိုင်ရာ အခြားကဏ္ဍများနှင့် ချိတ်ဆက်မှုများကိုသာ အလေးပေးဆွေးနွေးခဲ့ကြသောကြောင့် အမျိုးသမီးအရေးနှင့် ကျား၊မ ရေးရာ တန်းတူညီမျှမှုနှင့် ဆိုင်သည့် ကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးနိုင်ခြင်းမရှိဟု သုံးသပ်တွေ့ရှိရပါသည်။

သို့သော်လည်း လုံခြုံရေးကဏ္ဍတွင် အစုအဖွဲ့အသီးသီးမှ တက်ရောက်သူ အမျိုးသမီး ပါဝင်မှုနှုန်းမှာ (၁၁%) ဖြစ်ပြီး လုံခြုံရေးကဏ္ဍများအားဆွေးနွေးရာတွင် အမျိုးသမီးအားလုံးအနက် (၄၆%) သည် တစ်ဦးလျှင် (၄) ကြိမ်ထက်မနည်း အချက်အလက်များကိုထိမိစွာ ဆွေးနွေးတင်ပြနိုင်သည်ကို တွေ့ရှိရပါသည်။

သို့ပါ၍ ကျား၊မ တရားသေစံနှုန်းများအရ အမျိုးသမီးများသည် လုံခြုံရေးကဏ္ဍနှင့် မသက်ဆိုင်ဟူသော ရှေးရိုးအစဉ်အလာအား ကျော်လွန်ကာ အမျိုးသမီးများ၏ လုံခြုံရေးကဏ္ဍတွင် ထိရောက်စွာ ပါဝင်ဆွေးနွေးနိုင်ကြောင်း တွေ့ရှိရပါသည်။ ၎င်းအပြင် ဆွေးနွေးပွဲတစ်ရက်ခွဲကာလအတွင်း အမျိုးသား (၆၅%) နှင့် အမျိုးသမီး (၅၄%) တို့သည် ပါဝင်ဆွေးနွေးခြင်းမပြုခဲ့ကြသဖြင့် အမျိုးသမီးကိုယ်စားလှယ်များသည် မိမိတို့၏ ကိုယ်စားပြုမှုတာဝန်ကို အမျိုးသားကိုယ်စားလှယ်များထက်ပင် ပိုမိုထိရောက်စွာ အသုံးချနိုင်ခဲ့သည်ကို သုံးသပ် တွေ့ရှိရပါသည်။

## (၂.၅) မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ

မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာမူဝါဒအဆိုပြုလွှာတွင် ကျား၊မတန်းတူညီမျှရေး၊ အမျိုးသမီးများ၏အခွင့်အရေးနှင့် ပါဝင်ဆုံးဖြတ်ခွင့်ဆိုင်ရာအချက်များ ပါရှိပြီးဖြစ်ပါသည်။ ထိုအချက်များကို အစုအဖွဲ့အသီးသီးရှိ အမျိုးသားများနှင့် အမျိုးသမီးများက သဘောတူကြောင်း သဘောထားမှတ်ချက်များ ပေးကြသည်ကို သုံးသပ်တွေ့ရှိရပါသည်။

မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍတွင် ယခုထက်ပို၍ ကျား၊မရေးရာတန်းတူညီမျှမှုအရေးကို ထည့်သွင်းစဉ်းစားနိုင်စေရန် စဉ်ဆက်မပြတ်တိုက်တွန်းအားပေးရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

# အပိုင်း (၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဒုတိယ အစည်းအဝေးတွင် အမျိုးသမီးများပါဝင်မှု အခြေအနေ။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် အမျိုးသမီးများ၏ပါဝင်မှု အခြေအနေအား သုံးသပ်နိုင်ရန်အတွက် အချက်အလက်များကောက်ခံရာတွင် ပထမအကြိမ်နှင့်မတူပဲ များစွာအခက်အခဲများကြုံတွေ့ရပါသည်။ ထိုသတင်းအချက်အလက်များအား ပွင့်လင်းမြင်သာစွာ ဝေမျှ ပေးပါက ကျား၊မရေးရာရှုထောင့်မှ သုံးသပ်ခြင်း၊ အကြံပေးခြင်းများအတွက် လွန်စွာ အထောက်အကူ ဖြစ်မည်ဖြစ်ပါသည်။ တက်ရောက်သူစာရင်းကောက်ခံမှုတွင်လည်း ကျား-မ သီးခြားကော်လံတစ်ခုဖြင့် မှတ်တမ်းပြုထားခြင်းမရှိသောကြောင့် တိကျသောပါဝင်မှုအရေအတွက်ကို ရရှိနိုင်မှုတွင် အခက်တွေ့စေခဲ့ သလို ညီလာခံအခမ်းအနားပြင်ဆင်မှုတွင် ကျား-မ ရေးရာအမြင်ရှုထောင့် ပါဝင်ခြင်းမရှိသည်မှာ မြင်သာ စေသောအချက်ပင် ဖြစ်သည်။


ညီလာခံတက်ရောက်လာကြသော အစုအဖွဲ့အလိုက် အမျိုးသမီးပါဝင်မှုနှုန်းကို အတိအကျသိရှိရန်အခက်အခဲ စိန်ခေါ်မှုများစွာ ရှိနေပါသောကြောင့် ကဏ္ဍအလိုက်ဆွေးနွေးပွဲများတွင် မိမိတို့ လေ့လာသူများမှ ရရှိထားသော အချက်အလက်များဖြင့်သာ အမျိုးသမီးများ၏ပါဝင်မှုနှုန်းကို သဘာပတိ၊ အကျိုးဆောင်၊ ပါဝင် ဆွေးနွေးသူများ၏ ရာခိုင်နှုန်း (%) အလိုက် ဖော်ပြလိုက်ပါသည်။

## ၂၀၁၇ ခုနှစ် မေလ ၂၅ ရက် တွင် ကဏ္ဍအလိုက်ဆွေးနွေးပွဲတွင် အမျိုးသမီးပါဝင်မှုဦးရေပြဇယား

မှတ်ချက်။ ။ စာရင်းအတိအကျရရှိခြင်းမဟုတ်ပဲ လေ့လာသူများ၏ လေ့လာချက်ပေါ်တွင်သာ အားထား နေရပါသောကြောင့် ကိန်းဂဏန်းများမှာ ရာနှုန်းပြည့်မှန်ကန်မှု ရှိနိုင်မည်မဟုတ်သော်လည်း အနီးစပ်ဆုံး မှန်ကန်မှုရှိနိုင်မည်ဟုယူဆရပါသည်။

| ၂၅.၅.၂၀၁၇ | မနက်ပိုင်း သဘာပတိ | | နေ့လည်ပိုင်း သဘာပတိ | | အကျိုး ဆောင်များ | | UPDJC အတွင်း ရေးမှူး | | ကိုယ်စား လှယ်များ | |
|---|---|---|---|---|---|---|---|---|---|---|
| | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ |
| နိုင်ငံရေးကဏ္ဍ | ၂ | ၁ | ၃ | ၀ | ၄ | ၂ | ၃ | ၀ | ၁၂၃ | ၂၇ |
| လူမှုရေးကဏ္ဍ | ၂ | ၁ | ၁ | ၂ | ၁ | ၁ | ၃ | ၀ | ၁၁၁ | ၅၆ |
| စီးပွားရေးကဏ္ဍ | ၂ | ၁ | ၃ | ၀ | ၂ | ၂ | ၂ | ၁ | ၁၁၁ | ၂၉ |
| လုံခြုံရေးကဏ္ဍ | ၃ | ၀ | ၃ | ၀ | ၃ | ၁ | ၃ | ၀ | ၁၂၀ | ၁၃ |
| မြေယာနှင့်သဘာဝ ပတ်ဝန်းကျင်ကဏ္ဍ | ၃ | ၀ | ၃ | ၀ | ၁ | ၃ | ၃ | ၀ | ၁၂၉ | ၂၁ |

## ၂၅.၅.၂၀၁၇ ကဏ္ဍအလိုက်ဆွေးနွေးပွဲတွင် အမျိုးသမီးပါဝင်မှု%





| | မနက်ပိုင်း သဘာပတိ မ% | နေ့လည်ပိုင်း သဘာပတိ မ% | အကျိုးဆောင် မ% | UPDJC အတွင်းရေးမှူး မ% | ကိုယ်စားလှယ် မ% |
|---|---|---|---|---|---|
| နိုင်ငံရေး | ၃၃ | ၀ | ၃၃ | ၀ | ၁၈ |
| လူမှုရေး | ၃၃ | ၆၆ | ၅၀ | ၀ | ၃၃ |
| စီးပွားရေး | ၃၃ | ၀ | ၅၀ | ၃၃ | ၂၁ |
| လုံခြုံရေး | ၀ | ၀ | ၂၅ | ၀ | ၉ |
| မြေယာနှင့် သဘာဝပတ်ဝန်းကျင် | ၀ | ၀ | ၇၅ | ၀ | ၁၄ |

၂၀၁၇ ခုနှစ် မေလ (၂၅) ရက်နေ့တွင် ကဏ္ဍအလိုက်ဆွေးနွေးပွဲတွင် အမျိုးသမီးပါဝင်မှုနှုန်းများမှာ လူမှုရေးကဏ္ဍတွင် အမျိုးသီးကိုယ်စားလှယ် (၃၃%) ရှိပါသည်။ အခြားသောကဏ္ဍများတွင် အမျိုးသမီးပါဝင်မှုနှုန်းများသည် (၃၀%) အောက်သာရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

### ၂၀၁၇ ခုနှစ် မေလ ၂၆ရက်တွင် ကဏ္ဍအလိုက်ဆွေးနွေးပွဲတွင် အမျိုးသမီးပါဝင်မှုဦးရေပြဇယား

| ၂၆.၅.၂၀၁၇ | မနက်ပိုင်း သဘာပတိ | | နေ့လည်ပိုင်း သဘာပတိ | | အကျိုးဆောင်များ | | UPDJC အတွင်းရေးမှူး | | ကိုယ်စားလှယ်များ | |
|---|---|---|---|---|---|---|---|---|---|---|
| | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ |
| နိုင်ငံရေးကဏ္ဍ | ၃ | ၀ | ၃ | ၀ | ၅ | ၂ | ၃ | ၀ | ၁၂၃ | ၂၇ |
| လူမှုရေးကဏ္ဍ | ၂ | ၁ | ၂ | ၁ | ၁ | ၁ | ၃ | ၀ | ၁၁၁ | ၅၆ |
| စီးပွားရေးကဏ္ဍ | ၃ | ၀ | ၃ | ၀ | ၂ | ၂ | ၂ | ၁ | ၁၁၁ | ၂၉ |
| လုံခြုံရေးကဏ္ဍ | ၃ | ၀ | ၃ | ၀ | ၃ | ၁ | ၃ | ၀ | ၁၂၀ | ၁၃ |
| မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ | ၃ | ၀ | ၃ | ၀ | ၁ | ၃ | ၃ | ၀ | ၁၂၉ | ၂၁ |




| | မနက်ပိုင်း သဘာပတိ မ% | နေ့လည်ပိုင်း သဘာပတိ မ% | အကျိုး ဆောင် မ% | UPDJC အတွင်းရေး မှူး မ% | ကိုယ်စား လှယ် မ% |
|---|---|---|---|---|---|
| နိုင်ငံရေး | ၀ | ၀ | ၂၈ | ၀ | ၁၈ |
| လူမှုရေး | ၃၃ | ၃၃ | ၅၀ | ၀ | ၃၃ |
| စီးပွားရေး | ၀ | ၀ | ၅၀ | ၃၃ | ၂၀ |
| လုံခြုံရေး | ၀ | ၀ | ၂၅ | ၀ | ၁၀ |
| မြေယာနှင့် သဘာဝပတ်ဝန်းကျင် | ၀ | ၀ | ၇၅ | ၀ | ၁၄ |

၂၀၁၇ ခုနှစ် မေလ (၂၆) ရက်နေ့တွင် ကဏ္ဍအလိုက်ဆွေးနွေးပွဲတွင် အမျိုးသမီးပါဝင်မှုနှုန်းများမှာ လူမှုရေးကဏ္ဍတွင် အမျိုးသမီးကိုယ်စားလှယ် (၃၃%) ရှိပါသည်။ အခြားသောကဏ္ဍများတွင် အမျိုးသမီးပါဝင်မှုနှုန်းများသည် (၃၀%) အောက်သာ ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

လူမှုရေးနှင့် စီးပွားရေးကဏ္ဍတွင် အကျိုးဆောင်အမျိုးသမီး (၅၀%) ရှိပြီး မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတွင် အမျိုးသမီး အကျိုးဆောင် (၇၅%) အထိရှိသည်ကိုတွေ့ရပါသည်။

ပိတ်ပွဲအခမ်းအနားတွင် သဘာပတိအနေဖြင့် အမျိုးသား (၅) ဦးကိုတာဝန်ပေးထားပြီး အမျိုးသမီး ပါဝင်မှုမရှိပါ။ အကျိုးဆောင်အနေဖြင့် အမျိုးသမီး (၂) ဦး၊ အမျိုးသား (၁) ဦးတို့က တာဝန်ယူဆောင်ရွက်ကြပါသည်။၂၀၁၇ ခုနှစ် မေလ (၂၉) ရက်နေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးသို့ တင်သွင်းသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ၏ သက်ဆိုင်ရာကဏ္ဍအသီးသီးမှ အခြေခံမူသဘောတူညီချက် (၃၇) ချက်ကို အဆိုတင်သွင်းသည့် ကိုယ်စားလှယ်များမှာ အမျိုးသမီး (၁) ဦး၊ အမျိုးသား (၄) ဦးတို့ဖြစ်ကြပါသည်။

# အပိုင်း (၄) ရှေ့ဆက်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအစည်းအဝေးများ၊ မူဝါဒများနှင့်ပတ်သက်ပြီး AGIPP ၏ ကျား၊မ ရေးရာရှုထောင့်မှ အကြံပြုချက်များ။

ရှေ့ဆက်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအစည်းအဝေးများ၊ မူဝါဒများနှင့် ပတ်သက်၍ AGIPP မှ အောက်ပါအချက်များအား ကျား၊မရေးရာရှုထောင့်မှ အကြံပြုလိုပါသည်။

- နောင်လာမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့် နိုင်ငံရေးဆွေးနွေးမှုအဆင့်တိုင်းတွင် အမျိုးသမီးများပါဝင်မှု အနည်းဆုံး ၃ဝ% သေချာစေရန်။
- သက်ဆိုင်ရာကဏ္ဍအလိုက် မူဝါဒအဆိုပြုလွှာများကို ပြင်ဆင်ရာတွင် ကျား၊မရေးရာရှုထောင့်မှ ထည့်သွင်းစဉ်းစားနိုင်ရန်၊ အမျိုးသမီးအခွင့်အရေး၊ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ စံနှုန်းများနှင့် ကိုက်ညီသော မူဝါဒအဆိုပြုလွှာများကို ပြင်ဆင်ရန်။ လိုအပ်သော နည်းပညာ ပံ့ပိုးမှုများကို သက်ဆိုင်ရာကျွမ်းကျင်သူအဖွဲ့များထံမှ ချိတ်ဆက်ရယူရန်။
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် လူမှုဘဝနယ်ပယ်များအတွင်း အမျိုးသမီးများပါဝင်မှုကို အဟန့် အတား ပြုနေသော ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာအတားအဆီးများနှင့် နိုင်ငံတော်အဆင့် မူဝါဒများ အား ပြန်လည်ဆန်းစစ်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် မူဝါဒအဆိုပြုလွှာများကို ပြင်ဆင်ရန်။
- ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန်အတွက် ငြိမ်းချမ်းရေးဖြစ်စဉ် တစ်ခုလုံး ကို ကျား၊မ ရေးရာ ဂျန်ဒါဆန်းစစ်မှုများ (Gender Audit) အား အဆင့်တိုင်းတွင်ပြုလုပ်ရန်။
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ကျား၊မရေးရာ တရားမျှတမှုကို မူဘောင်အဖြစ် သတ်မှတ်ဖော်ဆောင်သွားနိုင်ရန်နှင့် ကျား၊မ ရေးရာအသိမြင်ရှိသော မူဝါဒများကို ရေးဆွဲနိုင်ရေး အတွက် ကျား၊မဆိုင်ရာမူဝါဒလေ့လာသုံးသပ်မှုကော်မတီတစ်ရပ်အား နိုင်ငံတော်အဆင့်တွင် ဖွဲ့စည်းထားရှိရန်။
- FPD မူဘောင်ဆိုင်ရာ မူဝါဒစာရွက်စာတမ်းများ ပြန်လည်သုံးသပ်ခြင်းများအပါအဝင်၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မဏ္ဍိုင်ပြု ထားသော စာချုပ်စာတမ်း၊ မူဘောင်များအား ပြန်လည်လေ့လဆန်းစစ်ခြင်း လုပ်ငန်းစဉ်များတွင် အမျိုးသမီး ပါဝင်မှု အနည်းဆုံး ၃ဝ% နှုန်းအား သေချာစွာထားရှိရန်။
- ရှေ့ဆက်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အစည်းအဝေးများတွင် ကျား၊ မ ပါဝင်မှုနှုန်းနှင့် ပတ်သက်သောသတင်းအချက်အလက်များနှင့် ဆွေးနွေးသည့် အချက် များကို လက်လှမ်းမီမှုရှိစေရန် ပွင့်လင်းမြင်သာစွာ ပံ့ပိုးပေးရန်။
- အခြေခံမူတွင် မူဝါဒများအဖြစ် ရေးဆွဲရာတွင် ရိုးရာဓလေ့ထုံးတမ်းစဉ်လာအရ အမျိုးသမီးများအား မြေယာပိုင်ဆိုင်ရာနှင့် စီမံခန့်ခွဲပိုင်ခွင့်တို့တွင် ကန့်သတ်ထားမှုများ (ဥပမာ - အမျိုးသမီးများ မြေယာ ပိုင်ဆိုင်ခွင့်၊ မြေယာအမွေရရှိခွင့် မရှိ) ကို ကျား-မ တန်းတူအခွင့်အရေးရရှိရန် နိုင်ငံတကာ စံချိန်စံညွှန်း နှင့်အညီ (စီဒေါ) ရေးဆွဲရန်။

## နိဂုံးချုပ် သုံးသပ်ချက်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံဒုတိယအစည်း အဝေးသို့တင်သွင်းသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ၏ သက်ဆိုင်ရာကဏ္ဍအလိုက် မူဝါဒအဆိုပြုချက်များမှ သဘောတူညီချက်ရသော မူဝါဒစာရင်းများကို အောက်ပါအတိုင်း သုံးသပ်တွေ့ရှိရပါသည်။

| | **နိုင်ငံရေး** | **လူမှုရေး** | **စီးပွားရေး** | **လုံခြုံရေး** | **မြေယာနှင့်သဘာဝပတ်ဝန်းကျင်** |
|---|---|---|---|---|---|
| **အဆိုပြုသော မူဝါဒ စုစုပေါင်း** | ၂၀ | ၄ | ၁၁ | ၀ | ၁၀ |
| **သဘောတူသော မူဝါဒစုစုပေါင်း** | ၁၂ | ၄ | ၁၁ | ၀ | ၁၀ |
| **သဘောတူသော မူဝါဒတွင် ကျား-မ ရေးရာရှုထောင့်မှ ထည့်သွင်းစဉ်းစားသောမှု** | ၀ | ၃ | ၀ | ၀ | ၄ |

အဆိုတင်သွင်းသောမူဝါဒစုစုပေါင်း (၄၅) ချက်တွင် သဘောတူသောမူဝါဒစုစုပေါင်း (၃၇) ချက်ရှိသည်ကို သုံးသပ်တွေ့ရှိရပါသည်။ ယင်းသဘောတူသည့် မူဝါဒ (၃၇) ချက်အနက် အမျိုးသမီးအရေးနှင့် ကျား၊မ တန်းတူညီမျှရေးကို တိုက်ရိုက်ထည့်သွင်းစဉ်းစားသောမှု (၃) ချက်နှင့် သွယ်ဝိုက်ထည့်သွင်းစဉ်းစားသောမှု (၄)ချက် စုစုပေါင်း (၇) ချက်ကို လူမှုရေးကဏ္ဍမူဝါဒနှင့် မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒတို့တွင် တွေ့ရှိရပါသည်။ ၎င်းတို့မှာ

**လူမှုရေးမူကဏ္ဍမူဝါဒ**

**အမျိုးသမီးအရေးနှင့် ကျား၊မ တန်းတူညီမျှရေးကို တိုက်ရိုက်ထည့်သွင်းစဉ်းစားသောမှု (၁) ရပ်**

အခြေခံမူ (၃) သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခြေခံရပိုင်ခွင့်နှင့် အခွင့်အရေးများကို လူမျိုးရေး၊ ဘာသာရေး၊ ဆင်းရဲ၊ချမ်းသာ စသည်ဖြင့် ခွဲခြားမှုမရှိဘဲ ထိရောက်စွာ ကာကွယ်စောင့်ရှောက်ရန်နှင့် လူမှုဘဝမြှင့်တင်မှုကို ဆောင်ရွက်ရန်။

**အမျိုးသမီးအရေးနှင့်ကျားမတန်းတူညီမျှရေးကို သွယ်ဝိုက်ထည့်သွင်းစဉ်းစားသောမှု (၂) ရပ်**

အခြေခံမူ (၁) လက်နက်ကိုင် ပဋိပက္ခများကြောင့်လည်းကောင်း၊ လူတို့၏ပြုမူဆောင်ရွက်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများကို ခွဲခြားဆက်ဆံမှု မရှိစေဘဲ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး ရေရှည်ရှင်သန်ရပ်တည်နိုင်ရေး (Durable Solution) ကို ဦးတည်၍ စနစ်တကျ အစီအစဉ်များချမှတ် လုပ်ဆောင်ရန်။

အခြေခံမှု (၂) လက်နက်ကိုင်ပဋိပက္ခများကြောင့်လည်းကောင်း၊ လူတို့၏ပြုမူဆောင်ရွက်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများသည် မိမိနေရပ်နှင့် မိမိသွားရောက်လိုရာ အခြားဒေသသို့ လူ့ဂုဏ်သိက္ခာနှင့်အညီ ဘေးကင်းလုံခြုံစွာ အခြေချနေထိုင်နိုင်ရန်တို့ဖြစ်ပါသည်။

**မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒ**

**အမျိုးသမီးအရေးနှင့်ကျားမတန်းတူညီမျှရေးကို တိုက်ရိုက်ထည့်သွင်းစဉ်းစားသောမှု (၂) ရပ်**

အပိုဒ် (၇) နိုင်ငံသားတိုင်းသည် မြေယာဥပဒေနှင့်အညီ မြေယာပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။ အမျိုးသမီးနှင့် အမျိုးသားတန်းတူညီမျှမှုရှိရမည်။

အပိုဒ် (၈) မြေယာပိုင်ဆိုင်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုပြုရာတွင် ဥပဒေနှင့်အညီ အမျိုးသမီးနှင့် အမျိုးသားအခွင့်အရေး တန်းတူညီမျှမှု ရှိစေရန်။

**အမျိုးသမီးအရေးနှင့်ကျားမတန်းတူညီမျှရေးကို သွယ်ဝိုက်ထည့်သွင်းစဉ်းစားသောမှု (၂) ရပ်**

အပိုဒ် (၁) နိုင်ငံလုံးဆိုင်ရာ ဘက်ညီမျှတသည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေသည့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု မြေယာမူဝါဒ ဖြစ်စေရန်။

အပိုဒ် (၄) မြေယာမူဝါဒရေးဆွဲရာတွင် လူ့အခွင့်အရေးစံနှုန်းများ၊ နိုင်ငံတကာစံနှုန်းများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စံနှုန်းများကို ထည့်သွင်းစဉ်းစားရေးဆွဲရန်။

အထက်ပါ လူမှုရေးနှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ မူဝါဒများတွင် ကျားမရေးရာရှုထောင့်အမြင်များပါဝင်သော မူဝါဒများ တင်သွင်းကာ သဘောတူညီမှုရရှိနိုင်စေရန် ဆွေးနွေးသွားနိုင်ခြင်းအပေါ် မိမိတို့ AGIPP အနေနှင့် ဝမ်းမြောက်စွာ ထောက်ခံပါသည်။

နိုင်ငံရေးနှင့် စီးပွားရေးမူဝါဒများတွင်မူ ကျား၊မ ရေးရာရှုထောင့်မှ ထည့်သွင်းစဉ်းစားထားသော မူဝါဒများ အဆိုပြုစဉ်ကပင် မပါရှိပါ။ သို့ပါ၍ မူဝါဒများအား စတင်ဆွေးနွေးသည့်ချိန်ကပင် ကျားမရေးရာရှုထောင့်မှ ထည့်သွင်းစဉ်းစားနိုင်ရန် လွန်စွာအရေးကြီးကြောင်း သုံးသပ်တွေ့ရှိရပါသည်။

အချုပ်အားဖြင့်ဆိုသော် ဒုတိယအကြိမ်ညီလာခံတွင် သဘောတူသောမူဝါဒ (၃၇)ခုအနက် ကျားမရေးရာရှုထောင့်မှ ပါဝင်သောမူဝါဒ ရာခိုင်နှုန်းမှာ (၁၉ %) သာရှိသည်ကို သုံးသပ်တွေ့ရှိရပါသည်။